စိန်မှန်းချောင်းကျေးရွာ

မော်လမြိုင်ကျွန်းမြို့နယ်

Village Development Plan

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

( ၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စိန်မှန်းချောင်းကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၂ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


စကားချီး ၀၂ မှ ၀၃ ထိ

စိန်မှန်းချောင်းကျေးရွာ သယံဇာတပြမြေပုံ

စိန်မှန်းချောင်းကျေးရွာ ရာသီခွင်ပြမြေပုံ

စိန်မှန်းချောင်းကျေးရွာ ဖွဲ့စည်းချိတ်ဆက်မှုပြဇယား


### အပိုင်း(က)

### ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ


၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား ၀၈ မှ ၀၈ ထိ

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၀၈ မှ ၀၈ ထိ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၀၈ မှ ၀၈ ထိ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၀၉ မှ ၁၀ ထိ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ ၁၀ မှ ၁၀ထိ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး ၁၁ မှ ၁၁ ထိ

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၁၁ မှ ၁၁ ထိ

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၁၁ မှ ၁၁ ထိ

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၂ မှ ၁၂ ထိ

၁၀။စိန်မှန်းချောင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ ၁၂ မှ ၁၂ ထိ

## အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ


| | |
|---|---|
| စီမံချက် အဆိုပြုလွှာ | ၁၄ မှ ၁၅ ထိ |
| နောက်ဆက်တွဲ(၁)စိန်မှန်းချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း | ၁၆ မှ ၁၆ ထိ |
| နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၇ မှ ၆၀ ထိ |
| နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၆၁ မှ ၆၁ ထိ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၂ -၂၀၂၃ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
စိန်မှန်းချောင်းကျေးရွာ
မော်လမြိုင်ကျွန်းမြို့နယ်



| ဖိုနံဖြူကျေးရွာ | | စပါး စိုက်ပျိုး ပြက္ခဒိန် | | | | | | | ရက်စွဲ ၁၂.၈.2022 | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| လယ် | | | | | | | | | | | | |
| ကျန်းမာရေး | | ရာသီဖျား | | | | | ရာသီတုပ်ကွေး | | | | | |
| ဝင်ငွေရရှိမှု | 15/100 | 20/100 | 30/100 | 75/100 | 75/100 | 60/100 | 50/100 | 55/100 | 70/100 | 75/100 | 100/100 | 100/100 |
| သဘာဝဘေး အန္တရာယ် | | လေပြင်းတိုက်ခြင်း | | မုန်တိုင်း | | မိုးခေါင်ခြင်း | | | | | | |
| ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | | ဝါဆိုသင်္ကန်းကပ် | | | မီးထွန်းပွဲ | ကထိန်ပွဲ | | [illegible] | ထမနဲပွဲ | |

10. 8. 2022.



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**စိန်မှန်းချောင်း**ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်း မြို့နယ်၊ အလယ်ရေကျော်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ စိန်မှန်းချောင်းကျေးရွာသည် ချောင်းဘေးတွင် တည်ရှိပြီး မော်လမြိုင်ကျွန်းမြို့နှင့် ရေမိုင် (၁၀)မိုင်ခန့် ဝေးပါသည်။ ကုန်းလမ်းခရီးတွင် (၂၀)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် လယ်ယာမြေများစွာရှိသည်။ သွားလာဆက်သွယ်ရေးလမ်းများမှာ ရေလမ်းဖြင့် အဓိက သွားလာရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၈၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၂၈ ℃) အထက် ရရှိပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် ရေအနည်းငယ် ကြီးလေ့ ရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူ လယ်သမား အချို့မှာ သီးနှံစိုက်ခင်းများ ပျက်ဆီးလေ့ ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာ အခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧကပေါင်း (၃၀၈.၃၆)ဧက ရှိပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင် တစ်နိုင် ရာသီပေါ်သီးနှံများ လုပ်ကိုင်ကြပြီး ဥယျာဉ်ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စိန်မှန်းချောင်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင်း အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၇)ဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီတွင် အမျိုးသား (၇)ဦး၊ အမျိုးသမီး (၄)ဦးသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့တွင် အမျိုးသား (၄)ဦး၊ အမျိုးသမီး (၃)ဦးသည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/မများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေး လုပ်ဆောင်လျက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား (၅)ဦးနှင့် အမျိုးသမီး (၄)ဦးတို့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများနှင့် သာသနာ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

စိန်မှန်းချောင်းကျေးရွာ၏ အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ လယ်ဧကပိုင်ဆိုင်မှုမှာ (၃၀၈.၃၆)ဧက ရှိပါသည်။ ပုဂံပုံ နေ့စား၊ ကျပန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ ပြည်တွင်းသို့ သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ဧကအားလုံးအတွက် ရေအရင်းအမြစ်ကို မိုးရေနှင့် ချောင်းများမှ ရရှိသုံးစွဲပါသည်။ မိုးစပါး တသီးသာနှစ်စဉ်ရရှိပါသည်။ စပါးတစ်ဧက ထွက်နှုန်းမှာ (၁၀၀) တင်းခန့်သာ ထွက်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာ ပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၂၁)စီး၊ ချွေလှေ့စက် (၁၃)စီး ရေစုပ်စက်(၂၂)လုံးမျက်ရိတ်စက်(၂)လုံးရှိကြောင်းတွေ့ရပါသည်။ တစ်ချို့လယ်သမားများသည် စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှားရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့သို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၇၅)အိမ်ထောင်စုရှိပြီး ကြက်အကောင်ရေ (၆၅၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၁၆)စုရှိပြီး ဝက်အကောင်ရေ (၂၂)ကောင်၊ ဘဲမွေးမြူထားသော အိမ်ထောင်စု (၂၇)ရှိပြီး ဘဲအကောင်အရေ (၁၄၄၀)ကောင်၊ ကျွဲမွေးမြူသော အိမ်ထောင်စု (-)စုသာရှိပြီး ကျွဲအကောင်ရေ (-) ကောင်၊ ဆိတ်မွေးမြူသည့်အိမ်ထောင်စု(၁)စုရှိပြီးဆိတ်ကောင်ရေ(၂)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် လယ်လုပ်ခြင်း၊ သားငါးရှာဖွေခြင်း၊ နေ့စားလုပ်ကိုင်ခြင်းစသော အသက်မွေးမှုဆိုင်ရာ အလုပ်များသာ အဓိက လုပ်ကိုင်ကြပါသည်။ လမ်းပမ်းဆက်သွယ်ရေးမှာ ရေလမ်းခရီးသာများသောကြောင့် စိုက်ပျိုးရေး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများမှာ အားနည်းပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးချိန်တွင် မြန်မာ့စီးပွားရေးဘဏ်မှာ တစ်ဧကလျှင် ကျပ်

(၁၅၀၀၀၀)နှုန်းထုတ်ချေးပေးပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေမှာ အလွန်နည်းပါးကြောင်း တွေ့ရပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး အနေဖြင့် ရေလမ်းကို အဓိကထားအသုံးပြုရပါသည်။ ယာဉ်အသုံးချမှုများမှာ ကိုယ်ပိုင်ရှိကြသလို ငှားရမ်း၍လည်းအသုံးပြုရပါသည်။ မော်လမြိုင်ကျွန်းမြို့သို့ သွားရန်အတွက် စက်လှေအသုံးပြု၍ သွားလာရပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

စိန်မှန်းချောင်းကျေးရွာသည် မီးလင်းရေးအတွက် ဆိုလာကိုသာ အဓိက အသုံးပြုကြပါသည်။ ချက်ပြုတ်ရေးအတွက် ထင်းမီးကိုသာ အသုံးပြုပါသည်။ ကျေးရွာအတွင်း မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းများ လိုအပ်ပါသည်။ လျှပ်စစ်မီးရရှိပါက ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အဆင့်ပြေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာနိုင်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

သတင်းအချက်အလက်များ အချိန်နှင့်အမျှ သိရှိနိုင်စေရန်အတွက် သတင်းစာများ၊ စာစောင်များနှင့်လည်း အလှမ်းဝေးလှပါသည်။ တီဗွီနှင့် ရေဒီယိုရှိသော အိမ်ထောင်စုအရေအတွက်မှာလည်း အလွန်နည်းပါသည်။ ဆက်သွယ်ရေးအနေနှင့် ဖုန်းအသုံးပြုရသော အိမ်ထောင်စုများမှာ အင်တာနက်လိုင်းဆွဲအား မကောင်းသဖြင့် ဆက်သွယ်ရေးအားနည်းကြောင်း တွေ့ရပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် မူလတန်းကျောင်းသာရှိသောကြောင့် ပညာရေး အားနည်းပါသည်။ မူလတန်းကျောင်းသားဦးရေမှာ (၆)ဦး ရှိပြီး၊ အလယ်တန်းနှင့် အထက်တန်းကို မော်လမြိုင်ကျွန်းမြို့သို့ သွားရောက် ပညာသင်ကြားရပါသည်။ မူလတန်း ကျောင်းသား ဦးရေမှာ ကျား(၆)ဦး၊ မ (-)ဦး သာရှိပါသည်။ အလယ်တန်းကျောင်းသား ဦးရေမှာ ကျား(၁၄)ဦး၊ မ(၁၁)ဦးသာ ရှိပါသည်။ အထက်တန်းကျောင်းသား ဦးရေမှာ ကျား(-)ဦး၊ မ(၃)ဦး ရှိပါသည်။ တက္ကသိုလ်ကောလိပ် ဦးရေမှာ ကျား(၁)ဦး၊ မ(၂)ဦး ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ မြတ်သာရွာမ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသရပါသည်။ အရေးပေါ်အခြေအနေဖြစ်နေသော လူနာများကို မော်လမြိုင်ကျွန်းမြို့ အတွက် ကုတင်(၁၀၀)ဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။ ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တစ်ခါတစ်ရံ ရာသီဖျားနာခြင်း၊ သွေးလွန်တုတ်ကွေး၊ ရာသီတုတ်ကွေးဖြစ်ခြင်းများကို နီးစပ်ရာ ဆေးပေးခန်းများသို့ သွားရောက်ကုသမှု ခံယူရပါသည်။ ကျေးရွာတွင် ရေအသုံးပြုမှုမှာ သုံးရေအတွက် ချောင်းရေကိုသာအသုံးပြုပြီး သောက်သုံးရေအတွက် ရွာအနီးတစ်ဝိုက်ရှိ သောက်ရေကန်များသို့ သွားရောက်ခပ်ယူ ရပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး အနေဖြင့် အမှိုက်ကင်းစင် ကော်မတီအဖွဲ့များ ဖွဲ့၍ အလှည့်ကျ အပတ်စဉ် သန့်ရှင်းရေး လုပ်ဆောင်ကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် နှစ်စဉ်မိုးများသော်လည်း ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခြင်း နည်းပါးပါသည်။ တစ်ခါတရံ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်တတ်ပါသည်။ သဘာဝပတ်ဝန်းကျင် အနေနှင့် မြေနုကျွန်းဖြစ်၍ နုံးမြေများခြင်းကြောင့် မြေဆီမြေနှစ်မှာ အသင့်အတင့်သာ ကောင်းပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

စိန်မှန်းချောင်းကျေးရွာတွင် ကျား/မရေးရာနှင့်ပတ်သတ်၍ တန်းတူအခွင့်အရေး ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် နေ့စားအလုပ် လုပ်ကိုင်ခြင်းသာရှိပါသည်။ နေ့စားလုပ်ခနှုန်းထားမှာ အများဆုံးကျပ် အမျိုးသား (၇၀၀၀)၊ အမျိုးသမီး (၇၀၀၀)၊ အနည်းဆုံးကျပ် အမျိုးသား (၄၀၀၀)၊ အမျိုးသမီး (၄၀၀၀)ကျပ် သတ်မှတ်ထားပါသည်။ အမျိုးသမီးများမှာ ဝင်ငွေရရှိမှု အလွန်နည်းပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုး သားအများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာ သောက်စားခြင်း အနည်းငယ်သာရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်လုပ်ဆောင် ကြပါသည်။

## ၁၀။ စိန်မှန်းချောင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အအုံကဏ္ဍ | ကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အအုံကဏ္ဍ | သောက်ရေတွင်းတူးဖော်ခြင်း | ၂ |
| ၃ | မီးလင်းရေးကဏ္ဍ | ကျေးရွာမီးလင်းရေး | ၃ |
| ၄ | အခြေခံအဆောက်အအုံကဏ္ဍ | ကျေးရွာဆိပ်ခံတံတားတည်ဆောက်ခြင်း | ၄ |
| ၅ | အခြေခံအဆောက်အအုံကဏ္ဍ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၅ |

# အပိုင်း (ခ)
# စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

**ကျေးရွာ** – စိန်မှန်းချောင်း

**ကျေးရွာအုပ်စု** – အလယ်ရေကျော်

**မြို့နယ်** – မော်လမြိုင်ကျွန်း

**တိုင်းဒေသကြီး/ပြည်နယ် – ဧရာဝတီ**

**စီမံချက်အမည် – ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၁၁၄၀'x၄'x၆")**

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

. ယခုလက်ရှိ လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင်သွားလာရေး ခက်ခဲစေပါသည်။
. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ ကျောင်းပြန် အခက်အခဲများ ရှိပါသည်။
. ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များလည်း သွားလာရာတွင်
. အလွန်ခက်ခဲမှုများလည်းရှိပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

မိုးတွင်းကာလ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်
. ကျောင်းသား/သူများ ပညာသင်ယူရန် ကျောင်းသို့သွားရောက်ရာတွင် အဆင်ပြေ၍ စိတ်ချမ်းသာစွာ သွားရောက်နိုင်စေရန်၊
. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် လမ်းကောင်းမွန်ပြီး အမြန်ဆုံးဆေးကုသမှုခံယူနိုင်စေရန်၊
.ရဟန်း၊ သံဃာများလည်း လွယ်ကူစွာသွားလာနိုင်သောကြောင့် ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာလည်း တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ပါသည်။

**မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

ကွန်ကရစ် .ဘီးလမ်းပြီးနောက် သွားလာမှု အဆင်ပြေလွယ်ကူလာမည်။
. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်းနည်းလာပြီး ပညာတက်မြောက်သူဦးရေ များလာမည်။
. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မှီ သွားရောက်နိုင်ပြီး မတော်တဆသေဆုံးမှုများ လျော့ကျလာမည်။
. ထို့အပြင် နွေရာသီတွင် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းမွန်နေသောကြောင့် လွယ်ကူစွာအချိန်မှီတားဆီးနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

| | |
|---|---|
| စိန်မှန်းချောင်းကျေးရွာတွင်း ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း **(၁၃၄၀'x၄'x၆")** | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| . ၁၀၀၀၀၀၀ဝိ/ (ငွေသား)<br>. ၁ ၀၀၀၀၀ဝိ/ (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>. ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၃၅၃ | ၃၇၉ | ၇၃၂ | ၁၄ | ၆ | ၉၃ | ၅၇ | ၁၇၀ |
| အကျိုးခံစားမည့်သူဦးရေ | ၃၅၃ | ၃၇၉ | ၇၃၂ | | | | | |
| မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. စိန်မှန်းချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း- ၁.၉.၂၀၂၂**

**(၃) စီမံချက်ပြီးစီးမည့်အချိန်- ၁၁.၂.၂၀၂၂**

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**

. ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြတိုင်ပင်ဆွေးနွေးပါမည်။

. စိန်မှန်းချောင်းကျေးရွာမှ ကျေးရွာသူ/သားများမှ ငွေကြေးကျပ် (၁၀)သိန်း အားပူးပေါင်း ထည့်ဝင်ပါမည်။

. လိုအပ်ပါက လုပ်အားထည့်ဝင်နိုင်ရေး ကြိုးစားဆောင်ရွက်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက်ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲကို ဆောင်ရွက်ခွင့်ရှိပါက လုပ်ဆောင်ပါမည်။

. လမ်းအခြေအနေအား ရေရှည်တည့်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများမှ

ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီဖြင့် ဆောင်ရွက်သွား ပါမည်၊
. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/ သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

# စိန်မှန်းချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းထွန်းလတ် | ဦးတင်မြင့် | ၁၄/လပတ(နိုင်)၁၀၇၇၃၂ | ၄၆ | ဥက္ကဋ္ဌ | ၀၉-၆၇၈၅၉၃၀၇၀ |
| ၂ | ဦးဇော်မင်း | ဦးချစ်ဝင်း | ၁၄/မမက(နိုင်)၁၁၃၆၀၂ | ၄၇ | အတွင်းရေးမှူး | ၀၉-၂၅၁၁၂၇၅၀၆ |
| ၃ | ဦးဇော်ဝင်းနိုင် | ဦးမြင့်သိန်း | ၁၄/မမက(နိုင်)၃၄၄၁၃၆ | ၄၆ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၂၁၁၉၁၂၅ |
| ၄ | ဦးကျော်ဇေယျ | ဦးရွှေအုန်း | ၁၄/လပတ(နိုင်)၁၄၄၉၂၇ | ၄၆ | ဝယ်ယူရေး | |
| ၅ | ဦးမြင့်ကြည် | ကျင်ပြည့် | ၁၄/လပတ(နိုင်)၀၆၉၈၀၃ | ၅၈ | စာရင်းကိုင်(၁) | ၀၉-၄၀၈၂၈၃၈၇၈ |
| ၆ | ဒေါ်ထွေးထွေးမွန် | ဦးအုန်းဖေ | ၁၄/မမက(နိုင်)၁၈၅၃၂၃ | | စာရင်းကိုင်(၂) | ၀၉-၄၂၄၃၁၃၁၇ |
| ၇ | ဦးမျိုးအောင် | ဦးစံမြင့် | ၁၄/မမက(နိုင်)၃၀၉၃၁၂ | ၅၀ | အဖွဲ့ဝင် | |
| ၈ | ဒေါ်စန်းငွေ | ဦးသန်းရွှေ | | ၅၅ | အဖွဲ့ဝင် | ၀၉-၆၉၆၇၉၈၃၈၉ |
| ၉ | ဒေါ်အေးအေးမြင့် | ဦးကျန်တင် | ၁၄/လပတနိုင်၁၇၈၀၀၄ | ၃၈ | အဖွဲ့ဝင် | ၀၉-၆၉၈၈၅၂၅၂၄ |
| ၁၀ | ဒေါ်ဆုလဒ် | ဦးဆန်းဦး | | ၃၂ | အဖွဲ့ဝင် | |
| ၁၁ | ဒေါ်စန်းစန်းမော် | ဦးလှငွေ | | ၅၈ | အဖွဲ့ဝင် | ၀၉-၄၄၂၇၀၈၃၆၂ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၇ | ၁၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၁၂ | ၂၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၃၉ | ၇၀ | ၁ | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၄၇ | ၈၄ | ၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၂ | ၂၆၀ | ၅၁၂ | ၃ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၄ | ၂၆ | ၁ | |
| စုစုပေါင်း | | ၃၅၃ | ၃၇၉ | ၇၃၂ | ၆ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၀ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စုဝနှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေအားဖြင့် (၇၀၀)ကျော် ရှိသောကျေးရွာဖြစ်သည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး အခြားလူမျိုးများလည်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားသော်လည်း လက်လုပ်လက်စားလူတန်းစားများ နေထိုင်ကြသဖြင့် ဝမ်းစာဖူလုံမှု လိုအပ်လျှက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှုအားနည်းပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၂၀ | ၃ | ၁၂ | ၈ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၃ | ၃၃ | ၆ | ၅၉ | ၇၅ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၅ | ၄၅ | | ၉၈ | ၉၉ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | | ၆ | ၈ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | ၂ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈ | ၂၆ | ၅ | ၂၁ | ၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာ စွာဖတ်ပြီးမှန်ရာတ စ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၂ | ၂၅၁ | ၂၅ | ၁၆၇ | ၁၆၃ | ၁၁၅ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၈၂ | ၂၅၁ | ၂၅ | ၁၆၇ | ၁၆၃ | ၁၁၅ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်** ။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အဓိကလုပ်ကိုင်ပြီး တပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း၊ ငါးဖမ်းခြင်းစသည့်အလုပ်များ လုပ်ကိုင်ကြပါသည်။ မိသားစုဝင်ငွေအနေဖြင့် မိသားစုပိုင်လယ်ယာပိုင်ဆိုင်သူများမှာ စီးပွားရေးအသင့်အတင့်ရှိပြီး မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများမှာ စီးပွားရေးနိမ့်ကျမှုရှိကြောင်း တွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေ့စားလုပ်အားခနှုန်းထားမှာ အသင့်အတင့်ရှိသော်လည်း ရာသီသီးနှံပေါ်ချိန်တွင်သာ လုပ်ကိုင်ကြရသဖြင့် ကျေးရွာရှိ အလုပ်လက်မဲ့များ၏ မိသားစုဝင်ငွေမှာ နည်းပါးကာ ဝမ်းစာအတွက် ကျဘမ်းအလုပ်များကို လုပ်ကိုင်နေကြရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၁၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၃၁၇ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။**။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ စိန်မှန်းချောင်းကျေးရွာတွင် အိမ်ထောင်စု (၁၇၀) ခန့်နေထိုင်ပြီး အိမ်ထောင်စု (၂၀) ခန့်သာ လယ်ယာပိုင်ဆိုင်ကြသည်။ မြေဆီအရည်အသွေး ကောင်းမွန်သော်လည်း မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးသွင်းအားစု လက်လှမ်းမှီ အသုံးပြုမှု နည်းပါးပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ☑ | လျော့☐တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☑ | လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သတ္တုနှင့် တွင်းထွက်သယံဇာတများ မရှိသည့်အတွက် ၎င်းနှင့်ပတ်သတ်သော အလုပ်များမရှိပါ။ သဲ၊ ကျောက်စရစ် များ ဝယ်ယူရရှိနိုင်ပြီး သဘာဝ တိရစ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။ ပင်လယ်နှင့်နီးစပ်သောဒေသဖြစ်၍ နွေရာသီတွင် ကန်ရေကိုသာ အဓိကထား သောက်သုံးကြပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၄ | ၆ | ၉၃ | ၅၇ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ စိန်မှန်းချောင်းကျေးရွာတွင် လူနည်းစုကသာ မြေယာပိုင်ဆိုင်မှုရှိပြီး အများစုမှာ လက်လုပ်လက်စားလူတန်းစားများ ဖြစ်ပြီး၊ ကုန်ထုတ်လုပ်ငန်းများ မရှိသည့်အတွက် အလုပ်အကိုင် ရှားပါးကြောင်း သုံးသပ်တွေ့ရှိရပါသည်။

.

**(င) ထိခိုက်လွယ်မှု**

**(င–၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၇၀ | ၂၉ | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = ၂၆ <br> ချေးယူ = ၆၀ <br> လုပ်အားခကြိုယူ = ၈၄ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၁၇၀ | ၄ | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = ၂၆ <br> ချေးယူ = ၇၀ <br> လုပ်အားခကြိုယူ = ၇၄ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၇၀ | ၂ | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = ၂၆ <br> ချေးယူ = ၇၀ <br> လုပ်အားခကြိုယူ = ၇၄ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စု အများစုသည် လက်လုပ်လက်စားများဖြစ်သည့်အတွက် အများအား ဝမ်းစာဖူလုံမှုရှိသော်လည်း သဘာဝဘေးအန္တရာယ်ကျရောက်လျှင် ထိခိုက်မှုများမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၉ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း မထူထောင်နိုင်ခြင်း၊ မိသားစုများမှ စားဝတ်နေရေးကို ခက်ခဲစွာ ရုန်းကန်နေရခြင်း စသည့်အခြေခံ အကြောင်းများဖြစ်ပေါ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✔ | | ✔ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | ✔ | ✔ | | |
| ၃ | မုန်တိုင်းဒီရေ | | ✔ | | ✔ | | |
| ၄ | ဆူနာမီ | | | ✔ | ✔ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | ✔ | | ✔ | |
| ၆ | လေဆင်နှာမောင်း | | | ✔ | | ✔ | |
| ၇ | ငလျင် | | ✔ | | ✔ | | |
| ၈ | အပူလှိုင်း | | ✔ | | ✔ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | ✔ | | | ✔ | |
| ၁၀ | အအေးလှိုင်း | | ✔ | | ✔ | | |
| ၁၁ | မိုးသီးကြွေကျမှု | | ✔ | | ✔ | | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | ✔ | | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | | | ✔ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✔ | | ✔ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✔ | | ✔ | | |
| ၁၆ | မြေပြိုခြင်း | ✔ | | | ✔ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | ✔ | ✔ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✔ | | ✔ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✔ | | | ✔ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✔ | | | ✔ | |
| ၂၁ | ငှက်ဖျားရောဂါ | ✔ | | | | ✔ | |
| ၂၂ | တီဘီရောဂါ | ✔ | | | | ✔ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | | | | ✔ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | | ✔ | | | ✔ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✔ | | | ✔ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✔ | | ✔ | | |
| ၂၇ | လူကုန်ကူးခြင်း | | ✔ | | ✔ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | ✔ | | ✔ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်ကျေးရွာသူ ရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စု မည်မျှထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။အိမ်ထောင်စု၁၀၀တွင်၂၅ အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စု ၁၀၀တွင် ၂၅မှ၅၀ အိမ်ထောင်စု – လတ် အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ သဘာဝဘေးအန္တရာယ် ကြုံလာပါက ခိုလှုံရှောင်တိမ်းရန်နှင့် လတ်တလောရင်ဆိုင်နိုင်ရန် အစီအမံများ စီမံဆောင်ရွက်မှု အားနည်းခြင်းကြောင့် ထိခိုက်လွယ် အိမ်ထောင်စုများမှာ ထိခိုက်သက်ရောက်မှု ပိုများနိုင်ပါသည်။

(င–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✔ | | | ✔ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | ✔ | ✔ | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✔ | | ✔ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | ✔ | | | ✔ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✔ | | ✔ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ | | ✔ | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| | တွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✔ | ✔ | | |
| ၁၁ | လူနည်းစုလူမျိုးများ | | ✔ | | ✔ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေ့တွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | ✔ | | ✔ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | ✔ | | ✔ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည်မည်သို့သော အခြေအနေများ တွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှ အထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုများသည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ ကူးစက်ရောဂါများကြောင့် ထိခိုက်သက်ရောက်မှု ရှိနိုင်ပြီး၊ ရှာဖွေစားသောက်မှုများတွင် ကြီးမားသော ခက်ခဲမှုများနှင့် ရင်ဆိုင်ရနိုင်သည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|

| | အမည် | (မှန်ရာတစ်ခုကိုသာရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☑၂☐၃☐ | ၁၃ | - | ၁၃ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၂ | ဘာသာရေးအဖွဲ့ | ၁☐၂☐၃☑ | ၁၃ | ၁၀ | ၂၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | ကျန်းမာရေးအဖွဲ့ | ၁☐၂☑၃☐ | ၁၃ | ၅ | ၁၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၄ | အမျိုးသမီးရေးရာအဖွဲ့ | ၁☐၂☑၃☐ | ၃ | ၇ | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၅ | မိခင်နှင့်ကလေးအဖွဲ့ | ၁☐၂☑၃☐ | ၃ | ၉ | ၁၂ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၆ | အရံမီးသတ် | ၁☐၂☑၃☐ | ၆ | | ၆ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း အဖွဲ့အစည်းများအနေဖြင့် ကျေးရွာတွင်း အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေး၊ သဘာဝဘေးအန္တရာယ် ပူးပေါင်းကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာ လုပ်ကိုင်လျှက်ရှိကြောင်း တွေ့ရပါသည်။

.

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | Pact Myanmar | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်<u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုမှာနည်းပါးပြီး၊ သီးစားချလုပ်ကိုင်ခြင်း၊ နေ့စားလုပ်ကိုင်ခြင်းများ လုပ်ကိုင်ကြပြီး တပိုင်တနိုင် မွေးမြူရေးလုပ်ခြင်းဖြင့် စားဝတ်နေရေးကို အဆင်ပြေအောင်

ရပ်တည်နေရကြောင်းတွေ့ရပါသည်။ Pact Myanmar ၏ အသေးစားချေးငွေသာ အနည်းစု အသုံးပြု ရပါတည်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | ၂၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁၄၇ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၁ | | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၁၁ | ၂ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၁၁ | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၇၀ | ၂၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ စိန်မှန်းချောင်းကျေးရွာတွင် အိမ်ထောင်စု (၁၇၀)ခန့် ရှိသော်လည်း လယ်ယာပိုင်ဆိုင်သူ နည်းပါးပြီး မြေယာမဲ့အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများခြင်း၊ တောင်သူကြီးအရေအတွက် နည်းပါးကာ မြေယာမဲ့များအနေဖြင့် စီးပွားရေးထက် စားဝတ်နေရေးကိုသာ အဓိကထား ရပ်တည်နေကြရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐အပြောင်းအလဲမရှိ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| | | | မဖြေဆိုပါ☑ | | |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၈ | ချောင်းရေ | ၃၁၇ | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** စိန်မှန်းချောင်းကျေးရွာသည် ရေငန်တင်ရောက်သည့် ပင်လယ်စပ်ဖြစ်၍ တစ်နှစ်လျှင် တစ်သီးသာ စပါးစိုက်ပျိုးနိုင်ပြီး၊ မိုးစပါးကိုအဓိကထား စိုက်ပျိုးနိုင်ခြင်း၊ ဆည်၊တာတမံမရှိသဖြင့် ချောင်းရေအတက်အကျကိုသာ အဓိကအားထားစိုက်ပျိုးရပါသည်။

**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | ထိခိုက်လွယ်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၃၁၇ | တင်း | ၄၀ | ၉၀ | ၆၅ | ဝါဆို | နတ်ေ | မြင့်☑ လတ်☐နိမ့်☐ | မြင့်☐လတ်☐ နိမ့်☑ | မြင့်☑ လတ်☐နိမ့်☐ |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| | | | | | | | ေ ၁ င် | | | |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးနိုင်ပြီး နည်းစနစ်၊ သွင်းအားစု မသုံးနိုင်ခြင်း၊ လယ်ထွက်စပါးကိုသာ မျိုးအဖြစ်အသုံးပြုနေရခြင်း၊ ဈေးကွက်အလှမ်းဝေးကွာခြင်းတို့ကြောင့် လယ်သမားများ အကျိုးအမြတ် နည်းပါးပါသည်။

**(၄) လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | | | |
| လက်တွန်းထွန်စက် | ၁၁ | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | ၂ | | | |
| ရေစုပ်စက် | ၅ | | | |
| ခြေနင်းရေတင်စက် | | | | |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် |
|---|---|---|---|---|
| မြက်ရိတ်စက် | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ စိန်မှန်းချောင်းကျေးရွာ တောင်သူများအနေဖြင့် လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်များကို အသုံးပြုစိုက်ပျိုးသူများ ရှိသကဲ့သို့ မိမိပိုင် ကျွဲ၊ နွားများကို အသုံးပြုပြီး စိုက်ပျိုးသူများလည်းရှိသည်။ ခရီးတွင်ကျယ်မှု ကွားခြားသော်လည်း စက်ကိရိယာ ဝယ်ယူအသုံးပြုနိုင်သူ နည်းပါးကြောင်းတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
